**ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး**

**၁၇ ရက်မြောက်နေ့ အစီအစဉ်**

**[ ၁၆–၂–၂၀၁၅ ] (တနင်္လာနေ့)**

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးသန်းမြင့်၊ ဝမ်းတွင်း မဲဆန္ဒနယ်၏ **သဘာဝဘေးအန္တရာယ်ဖြစ်သော မြေငလျင်လှုပ်ခတ်မည့်သတင်း ကြိုတင်အသိပေးရေး၊ လှုပ်နေသည့် အချိန်အတွင်း မည်သို့အန္တရာယ် ကာကွယ်ရန်နှင့် ဆောင်ရွက်မည့် လုပ်ငန်းများကို ပြည်သူများ သိရှိရေးအတွက် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်တင်တင်ရီ၊ ကျွန်းစု မဲဆန္ဒနယ်၏ **တနင်္သာရီတိုင်းဒေသကြီး၏ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်များအား ထားဝယ်ခရိုင်နည်းတူ မဟာဓာတ်အားလိုင်း ချိတ်ဆက်ဖြန့်ဖြူးပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ ဦးခိုင်မောင်ရည်၊ အလုံ မဲဆန္ဒနယ်က **"နိုင်ငံသားတို့၏ ဘေးကင်းလုံခြုံ စိတ်ချစွာ ပူပင်ကြောင့်ကြမဲ့ နေထိုင်နိုင်ရေး၊ လူနေမှုဘဝကို အန္တရာယ်ပြု နှောင့်ယှက်ဟန့်တား ခြိမ်းခြောက်နေသော အကြမ်းဖက်မှုနှင့် ဒုစရိုက်မျိုးစုံ ကျူးလွန်နေမှုများအား ကာကွယ်တားဆီးနှိမ်နင်း ထိန်းချုပ်နိုင်ရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အင်အား တိုးချဲ့ခြင်း နှင့် အရည်အချင်းပြည့်မီစွာ နိုင်ငံတကာအဆင့် ဘက်စုံတိုးချဲ့မြှင့်တင် ဆောင်ရွက်မှုများ ပြုလုပ်ပါရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒေါ်ခင်စောဝေ၊ ရသေ့တောင်မဲဆန္ဒနယ်၏ တင်ပြလာသော အဆိုအပေါ် ရှင်းလင်းတင်ပြခြင်း၊

၈။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည် ပေးပို့သော **"မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက် များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၉။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"မြန်မာနိုင်ငံ ဆေးကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှု ရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၀။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၁၇ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၁၈ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။